The Asia Foundation

Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေးကို နားလည်သဘောပေါက်အောင် ပြုလုပ်ခြင်း

မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေးကို နားလည်သဘောပေါက်အောင်ပြုလုပ်ခြင်းသည် အာရှဖောင်ဒေးရှင်း နှင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် သုတေသန တစ်ခုပင်ဖြစ်ပါသည်။ သုတေသန၏ ရည်ရွယ်ချက်မှာ ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေးသည် အာဏာရှင် စနစ်တစ်ခုမှ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရာတွင် မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်သည်ကို ရှင်းလင်းတင်ပြရန်ဖြစ်သည်။ ပြည်သူ့ရေးရာ ကဏ္ဍ(အုပ်ချုပ်ရေးယန္တရား) နှင့် ပတ်သက်ပြီး ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်အချို့ကိုလည်း တင်ပြထားပြီး ထိုအရေးကြီးသည့် အကြောင်းအရာကို ဆွေးနွေးရာတွင်အားလုံး ပါဝင်နိုင်သည့်အခြေအနေတစ်ခုကို ဖန်တီးနိုင်ရန် အထောက် အကူပေးနိုင်ပါသည်။ ပို၍တိကျစွာ ဆိုရလျှင်၊ မြန်မာနိုင်ငံတွင် "ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား)"၏ အဓိပ္ပါယ်ကို သဘောပေါက်နားလည်ထားကြပုံများ၊ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်မှစတင်ကာ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး သမိုင်းမှ ရရှိခဲ့သည့်သင်ခန်းစာများ၊ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍတွင် အားနည်းချက်များနှင့် အားသာချက်များ၊ ထိရောက် သည့် ပြောင်းလဲမှုအဖြစ်ဖြင့် ပြုပြင်ပြောင်းလဲရေးကို စဉ်းစားရာတွင် ရွေးချယ်နိုင်သည်များနှင့် အလားအလာရှိသည့် မူဘောင် တစ်ခုတို့ကို လေ့လာသုံးသပ်ထားပါသည်။ ယခုသုတေသနသည် အစိုးရ၊ လွှတ်တော်၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှု အဖွဲ့အစည်း၊ သတင်းမီဒီယာနှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေး အသိုင်းအဝိုင်းတို့ပါ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲ ရေးနှင့်ပတ်သက်ပြီး ပိုမိုအရေးထားဂရုစိုက် လုပ်ကိုင်လာစေရန် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်မိပါသည်။ အစီရင်ခံစာ အပြည့်အစုံကို အာရှဖောင်ဒေးရှင်း၏ အင်တာနက်စာမျက်နှာ www.asiafoundation.org တွင် ဖတ်ရှုနိုင်ပါသည်။






မြန်မာနိုင်ငံသည် စစ်အာဏာရှင်အုပ်ချုပ်ရေးမှ ဒီမိုကရေစီသို့အသွင်ကူးပြောင်းမှုဖြင့် တစ်ကမ္ဘာလုံး၏ အာရုံစိုက်မှုကို ရရှိခဲ့ ပါသည်။ ၂၀၁၁ခုနှစ်မှ စ၍ ဖိနှိပ်ချုပ်ချယ်သည့် နိုင်ငံရေးစနစ်မှ ပြည်သူ ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသည့် စနစ်သို့၊ နိုင်ငံတော်က လွှမ်းမိုးချုပ်ကိုင်ထားသည့်စနစ်မှ ဈေးကွက်အခြေပြု စီးပွားရေးစနစ်သို့၊ ဆယ်စုနှစ်များစွာဖြစ်ပွားနေခဲ့သည့် တိုင်းရင်းသားပဋိပက္ခမှ တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲသို့၊ ဒေသတွင်းသီးခြားနေထိုင်သည့်ပုံစံမှ တစ်ကမ္ဘာလုံးဆိုင်ရာ အရေးအရာကိစ္စများတွင် ပြန်လည်ဆက်စပ်မှုရှိလာခြင်း စသည့် အဓိက အပြောင်းအလဲများစွာကို လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံရေးနှင့် စီးပွားရေးအသွင်ကူးပြောင်းမှု ဖြစ်စဉ်များနှင့်အတူ နေရာများစွာမှလည်း ပြည်သူ့ရေးရာကဏ္ဍ ဗျူရိုကရေစီ ယန္တရားပြုပြင် ပြောင်းလဲမှုများ ပြုလုပ်ရန်တောင်းဆိုမှုများလည်း တဆက်တည်း ရှိလာခဲ့ပါသည်။ နိုင်ငံရေးပါတီများက ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် လမ်းပေါ်ထွက် ဆန္ဒပြခဲ့သည်။ ကျောင်းသားများက အမျိုးသားပညာရေး ဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆိုခဲ့သည်။ လယ်သမားများက လယ်ယာမြေအခွင့်အရေးများအတွက် ဆန္ဒပြတောင်းဆိုခဲ့

သကဲ့သို့ပင် မြို့နေပြည်သူများကလည်း လျှပ်စစ်မီးမှန်မှန်မလာသည့်အတွက် တိုင်ကြားပြောဆိုခဲ့ကြသည်။ အစိုးရ၏ လုပ်ဆောင်နိုင်စွမ်းအပေါ် ပြည်သူလူထု၏ မျှော်လင့်ချက်များ မြင့်မားလာပြီး လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း ပြည်သူလူထုအနေဖြင့် ဆန္ဒထုတ်ဖော်နိုင်ခွင့်ရရှိခဲ့သဖြင့် အများပြည်သူ၏ တောင်းဆိုမှုများမှာလည်း ပိုမို မြင်သာထင်သာရှိလာပါသည်။

သို့ရာတွင် ပြည်သူ့ရေးရာကဏ္ဍအပေါ် ပွင့်ပွင့်လင်းလင်းဝေဖန်ပြောဆိုမှုများကိုလည်း မျှော်လင့်မထားသည့်နေရာများမှလည်း ကြားခဲ့ရသည်။ သမ္မတဦးသိန်းစိန်နှင့် သူ၏ အဆင့်မြင့်ဝန်ကြီးများက အစိုးရအရာရှိများ၏ တွေးခေါ်လုပ်ကိုင်ပုံများကို ပြုပြင်ပြောင်းလဲကြရန် အလေးအနက်ထား ပြောကြားသည့် မိန့်ခွန်းများကို အကြိမ်ကြိမ်မိန့်ကြားခဲ့ပါသည်။

၂၀၁၃ခုနှစ် ဇူလိုင်၌ လန်ဒန်မြို့တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အစိုးရ၏ ရည်မှန်းချက် မြင့်မားလှသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ချမှတ်ပြောကြားသည့် သမိုင်းဝင်မိန့်ခွန်း တစ်ခုကို ပြောကြားခဲ့ပါသည်။ ထိုမိန့်ခွန်းတွင် "မြန်မာနိုင်ငံသမိုင်းမှာ အလွန်အရေးပါတဲ့ကာလ တစ်ခုကို ရောက်နေတယ်လို့ ပြောကြားလိုပါတယ်။ ရာစုနှစ်တဝက်ကြာ စစ်အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့တဲ့အခြေအနေကနေ ဒီမိုကရေစီ စနစ်ကို ပြောင်းလဲတယ်ဆိုတာထက်မလျော့တဲ့ အခြေအနေတစ်ခုကို ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။" ဟုပြောကြားခဲ့သည်။ ၂၀၁၄ခုနှစ် တွင် အဆင့်မြင့် အစိုးရအရာရှိကြီးများနှင့် တွေ့ဆုံသည့် အစည်းအဝေးများတွင်လည်း အစိုးရဝန်ထမ်းဌာနများ၌ ကာလ ကြာမြင့်စွာရှိနေသည့် အကျင့်ပျက်ခြစားမှုများမှာ ဆက်လက်ဖြစ် ပေါ်နေဆဲဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် တွေးခေါ်လုပ်ကိုင်ပုံတို့ကို ပြောင်းလဲရန်လိုအပ်ကြောင်းကို အလေးထားပြောကြားခဲ့ပါသည်။

ဤအခြေအနေနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်တွင် အာရှဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ် အဖွဲ့အစည်း၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့တို့မှ ပြည်သူ့ရေးရာကဏ္ဍနှင့်ပတ်သက်သည့် သုတေသနတစ်ခုကို စတင်ခဲ့ပါသည်။ တိုင်းပြည်၏ နိုင်ငံရေးနှင့် စီးပွားရေး အသွင်ကူးပြောင်းမှုအတွက် အလွန်အရေးကြီးသည့် ကိစ္စရပ်တစ်ခုနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များအပေါ် ပိုမို အခြေခံသည့် ပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုတစ်ခု ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။ သုတေသနအဖွဲ့သည် အစီရင်ခံစာကို ရေးသားရာ၌ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သော ရန်ကုန်နှင့် နေပြည်တော်တို့မှ အစိုးရအရာရှိများ၊ လွှတ်တော်အမတ်များ၊ မူဝါဒရေးရာအကြံပေးများ၊ အစိုးရဝန်ထမ်းများ၊ သတင်းစာအယ်ဒီတာများ၊ လယ်သမား၊ အလုပ်သမား သမဂ္ဂများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ တက်ကြွ လှုပ်ရှားသူများအားလုံးက ၄င်းတို့၏ ထင်မြင်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးမျှဝေပေးခဲ့ပါသည်။

စင်စစ်တွင် သဘောထားအမြင် အစွန်းရောက်နေကြသည့် နိုင်ငံရေးဆိုင်ရာအငြင်းအခုန်များနှင့် သတင်းဆောင်းပါးများတွင် ဖော်ပြနေကြသကဲ့သို့ မဟုတ်ဘဲ၊ နိုင်ငံရေး သဘောထားအမြင် မတူညီကြသော်လည်း ပြုပြင်ပြောင်းလဲလိုစိတ် ရှိကြသူများအကြားတွင် ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေး ယန္တရား) ပြုပြင်ပြောင်းလဲရေးအပေါ်တွင်မူ တူညီသည့် ဘုံသဘောထား အမြင်များ ရှိနေကြသည်ကို ပိုမိုတွေ့ရှိရပါသည်။ သို့ရာတွင် နိုင်ငံရေးယုံကြည်မှုသည် တန်ဖိုးကြီးသည့်အရာတစ်ခုဖြစ်ပြီး၊ နိုင်ငံတော်နှင့် ပြည်သူလူထုအကြား ယုံကြည်မှုပြန်လည် တည်ဆောက်ရန်မှာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် အကြီးမားဆုံး စိန်ခေါ်မှုများအနက်မှ တစ်ခုပင် ဖြစ်သည်။

ယခု သုတေသနစာတမ်း၌ မြန်မာနိုင်ငံတွင် ဗျူရိုကရေစီယန္တရားဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ဆောင်သည်ကို ရှင်းလင်းခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်မှစတင်ကာ ဗျူရိုကရေစီ ယန္တရားပြုပြင်ပြောင်းလဲမှုသမိုင်းကြောင်းမှ လေ့လာချက်များကို ဆန်းစစ်ခြင်း၊ မြန်မာနိုင်ငံတွင် ဗျူရိုကရေစီယန္တရား၏ အားနည်းချက်များနှင့် အားသာချက်အချို့ကို စဉ်းစားခြင်းနှင့် ထိရောက်သည့် ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ စဉ်းစားရာတွင် ရွေးချယ်စရာနည်းလမ်းအချို့နှင့် မူဘောင်တစ်ခု စသည်တို့ကို တင်ပြထားပါသည်။

## ပြည်သူ့ရေးရာကဏ္ဍ

မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ဟုဆိုရာတွင်၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများ၊ ပြည်ထောင်စု နယ်နမိတ်များနှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများကို ရည်ညွှန်းပါသည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ နိုင်ငံတော်တွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူ၍ မဏ္ဍိုင်ကြီးသုံးရပ်ခွဲခြားထားပါသည်။ ကျွန်ုပ်တို့၏ သုတေသနသည် အုပ်ချုပ်ရေးမဏ္ဍိုင်ကို အဓိကဦးစားပေး ပြုလုပ်ထားပါသည်။

မြန်မာနိုင်ငံသည် ဖယ်ဒရယ်စနစ်ကျင့်သုံးသည့် အစိုးရစနစ်တစ်ခု၌ ပြဌာန်းပါရှိသည့် စရိုက်လက္ခဏာ အသွင်အပြင်များရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများကို ထည့်သွင်း ဖော်ပြထားပါသည်။ သို့ရာတွင် လက်ရှိအချိန်၌၊ လုပ်ပိုင်ခွင့်အာဏာအများစုသည် ပြည်ထောင်စုအစိုးရလက်ထဲတွင်သာ ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများတွင် လုပ်ပိုင်ခွင့်အာဏာများ မရှိသလောက်ပင် နည်းပါးပြီး ဒေသတွင်း အခြေခံအဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များကိုသာ အဓိက ဆုံးဖြတ်လုပ်ကိုင်ခွင့် ပြုထားပါသည်။ နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံကို ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေတွင် ဖော်ပြထားသည်။ ပြည်ထောင်စုတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ခု ပါဝင်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ ပြည်နယ်များနှင့် တိုင်းဒေသ ကြီးများအားလုံးသည် တန်းတူအခွင့်အရေးရှိပါသည်။ "ပြည်နယ်" ဆိုသည်မှာ ယေဘုယျအားဖြင့် တိုင်းရင်းသား လူနည်းစုများ နေထိုင်သည့်နေရာကို ရည်ညွှန်းခြင်းဖြစ်ပြီး "တိုင်းဒေသကြီး"ဆိုသည်မှာ လူများစုဖြစ်သည့် ဗမာလူမျိုးများ နေထိုင် နေသည့်နေရာဒေသများကို ရည်ညွှန်းပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပျမ်းမျှ ခရိုင် ၄ ခုမှ ၅ ခုအထိရှိပြီး တစ်နိုင်ငံလုံးအတိုင်း အတာဖြင့်မူ စုစုပေါင်း ခရိုင် ၇၃ ခရိုင်ရှိပါသည်။ ခရိုင်များတွင် ပျမ်းမျှအားဖြင့် မြို့နယ် ၄ မြို့နယ် သို့မဟုတ် ၅ မြို့နယ်ပါရှိပြီး စုစုပေါင်းမြို့နယ် ၃၃၀ ရှိပါသည်။ မြို့နယ်များတွင် မြို့ပြဒေသများ၌ ရပ်ကွက်များနှင့် ကျေးလက်ဒေသများတွင် ကျေးရွာအုပ်စုများပါရှိပါသည်။



ပြည်သူ့ရေးရာကဏ္ဍသည် စီးပွားရေး စီမံခန့်ခွဲမှု၊ အများပြည်သူနှင့် သက်ဆိုင်သည့် အခြေခံအဆောက်အအုံများ၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖူလုံရေး ဆိုင်ရာ ဝန်ဆောင်မှုများ ကဲ့သို့သော အစိုးရ၏ အဓိကလုပ်ငန်း ဆောင်တာ များကို လုပ်ကိုင်ဆောင်ရွက် ပါသည်။ အစိုးရ၏ စီးပွားရေးလုပ်ငန်းများ ဖြစ်သည့် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့ လုပ်ငန်းကဲ့သို့သော လုပ်ငန်းများလည်း ပါဝင်ပါသည်။ အောက်ဖော်ပြပါ ပုံစံကွက်တွင် ယနေ့ခေတ် ပြည်သူ့ရေးရာ ကဏ္ဍ(အုပ်ချုပ်ရေးယန္တရား)နှင့် ပတ်သက်ပြီး အချိန်တိုအတွင်း လေ့လာနိုင်သည့် အချက်အလက် ၁၂ ချက်ကို စာရင်းပြုစုဖော်ပြထားပါသည်။

နိုင်ငံများစွာတွင် ပြည်သူ့ရေးရာ ကဏ္ဍ(အုပ်ချုပ်ရေးယန္တရား)အောက်မှ ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းများနှင့် အခြားအစိုးရ ဝန်ထမ်းများဟူ၍ ခွဲခြားထားပါသည်။ နိုင်ငံဝန်ထမ်းများသည် ပြည်သူ့အုပ်ချုပ်ရေးတွင် အစိုးရဝန်ကြီးဌာနများအတွက် အလုပ် လုပ်ကိုင်ပါသည်။ အခြားအစိုးရ ဝန်ထမ်းများမှာ နိုင်ငံတော် စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်သည့်အလုပ်သမားများနှင့် ဆရာ၊ ဆရာမများ၊ ကျန်းမာရေး လုပ်သားများနှင့် ရဲကဲ့သို့သော ဝန်ထမ်းများလည်း ထည့်သွင်းထားပါသည်။ သို့သော် မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား)ရှိ ဝန်ထမ်းများ အားလုံးကို နိုင်ငံ့ဝန်ထမ်းအက်ဥပဒေအောက်တွင် ထည့်သွင်းထားသည်။

## ပုံစံကွက် – ၁ မြန်မာနိုင်ငံတွင်ပြည်သူ့ရေးရာကဏ္ဍ(အုပ်ချုပ်ရေးယန္တရား)နှင့်ပတ်သက်ပြီး အချိန်တိုအတွင်းသိရှိရန်အချက်၁၂ချက်

၁. ပြည်သူ့ရေးရာကဏ္ဍ(အုပ်ချုပ်ရေးယန္တရား)တွင် ဝန်ထမ်းဦးရေ ၁ သန်းနီးပါးရှိပါသည်။

၂. ပညာရေးဝန်ကြီးဌာနတွင် ဝန်ထမ်းအများဆုံး (၃၈%)နှင့် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန များတွင် ( ပေါင်း ၁၂ % )ရှိကြပြီး ပြည်ထဲရေးဝန်ကြီးဌာန (၁၁%)နှင့် ကျန်းမာရေးဝန်ကြီးဌာန (၇ %) ရှိကြပါသည်။

၃. အခြားအရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သမိုင်းကြောင်းတစ်လျှောက်တွင် မြန်မာနိုင်ငံ၏ ဗျူရိုကရေစီ အုပ်ချုပ်ရေး ယန္တရားသည် သေးငယ်နေပါသေးသည်။

၄. မကြာသေးမီအချိန်က အဓိက လောင်စာဆီမှရရှိသည့်ငွေကြေးများကြောင့် ပြည်သူ့ဘဏ္ဍာငွေသည် နှစ်ဆတိုးခဲ့ပြီး ဂျီဒီပီ၏ ၂% ဖြစ်ခဲ့ပါသည်။

၅. ပြည်သူ့အသုံးစရိတ်ကိုနှစ်ဆတိုးမြှင့်ခဲ့သော်လည်း ကျန်းမာရေးနှင့်ပညာရေးအသုံးစရိတ်မှာ ရသုံးမှန်းခြေငွေစာရင်း ဘတ်ဂျက်များအရ ၅.၄% သာရှိနေပါသေးသည်။

၆. နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း ၄၄ ခုမှရရှိငွေမှာ ဂျီဒီပီ၏ ၇% သာရှိပြီး နိုင်ငံတကာတွင်ပျမ်းမျှရှိနှုန်း ၁၁% ထက်နည်းပါသည်။

၇. နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများမှ ပြည်သူ့ဘဏ္ဍာငွေ၏ သုံးပုံ နှစ်ပုံကိုရှာဖွေပေးပါသည်။

၈. မြန်မာနိုင်ငံ၏ ဂျီဒီပီနှင့် အခွန်ကောက်ခံရရှိငွေအချိုးအစားမှာ ၃.၃ မှ ၇.၄%အတွင်းသာရှိပြီး အာရှတိုက်တွင် အနိမ့်ဆုံးများ အနက် တစ်နိုင်ငံဖြစ်သည်။

၉. မြန်မာနိုင်ငံသည် ပြည်ထောင်စု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများဖြင့် ဖက်ဒရယ်ပုံစံစနစ်ဖြင့် အစိုးရတစ်ရပ်ရှိပါသည်။

၁၀. မြန်မာနိုင်ငံသည် အာရှတိုက်တွင် ဗဟိုဦးစီးချုပ်ကိုင်မှုပိုမိုအားကောင်းသည့် နိုင်ငံများအနက်တစ်နိုင်ငံဖြစ်ပြီး ၂၀၁၄ခုနှစ် တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသို့ ပြည်ထောင်စုအစိုးရမှ ချပေးသည့်ငွေကြေးပမာဏမှာ ပြည်သူ့အသုံးစရိတ်၏ ၁၂%သာရှိပါသည်။

၁၁. ယခုအချိန်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများတွင် ယင်းတို့၏ အသုံးစရိတ်များကို အုပ်ချုပ်စီမံပေးရန် ပြည်သူ့ ဝန်ဆောင်မှုများ မရှိချေ။

၁၂. မြန်မာနိုင်ငံတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအောက်တွင် တတိယအဆင့်ရွေးကောက်တင်မြှောက်ပေးသည့် အစိုးရတစ်ရပ် မရှိချေ။ အချို့နိုင်ငံများတွင် ယင်းကဲ့သို့သောအစိုးရများကို 'ဒေသအစိုးရ' ဟုခေါ်သည်။

## ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေး

ဤသုတေသနစာတမ်းတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးဟုဆိုရာ၌ ပြည်သူ့ရေးရာအုပ်ချုပ်ရေးတွင် စနစ်တကျ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများဖြစ်အောင် တွန်းအားပေးသည့် လုပ်ငန်းဆောင်ရွက်မှုများကို ဆိုလိုပါသည်။ ပြည်သူ့ရေးရာကဏ္ဍစီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်း များ (အင်စတီကျူးရှင်းများ)၏ အရည်အသွေး၊ ထိရောက်မှုနှင့် လူ့အဖွဲ့အစည်းတွင် နိုင်ငံတော်၏ ဆီလျော်သည့်အခန်းကဏ္ဍအပေါ် အဓိက အလေးထားတင်ပြထားပါသည်။ အောက်ပါပုံစံကွက်တွင် တွေ့ရလေ့ရှိသည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များအနက် အချို့ ကို စာရင်းပြုစု တင်ပြပေးထားပါသည်။

### ပုံစံကွက် – ၂ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု ရည်မှန်းချက်ပန်းတိုင်များ

ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများစွာတွင်၊ အစိုးရများသည် ပြည်သူ့ရေးရာကဏ္ဍများ ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်မှုရှိစေရန် နည်းလမ်းများကို ရှာဖွေလျှက်ရှိပါသည်။ ထိုသို့ရှာဖွေရာ၌တွေ့ရလေ့ရှိသည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များအနက် အချို့မှာ -

- ပြည်သူ့ကဏ္ဍ အသုံးစရိတ်များကို လျော့ညီအောင် သုံးစွဲရန်။
- ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်ကောင်းမွန်လာစေရန်။
- အချိန်တိုအကျိုးများခြင်းနှင့် သုံးစွဲရသည့်ငွေကြေးပမာဏနှင့် ကိုက်ညီသည့်ရလဒ်ရရှိနိုင်မှုကို မြှင့်တင်ပေးရန်
- ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု မြှင့်တင်ရန်။
- အစိုးရ၏ နည်းဗျူဟာကျသည့် စီမံခန့်ခွဲမှုအရည်အသွေးများတိုးမြှင့်ရန်။
- ဒေသဆိုင်ရာအစိုးရများအား တာဝန်ဝတ္တရားများ ခွဲဝေပေးရန်။
- ပြည်သူ့ရေးရာကဏ္ဍ၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရန်။
- ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရန်။
- နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများရှိ ကော်ပိုရေးရှင်းများကျင့်သုံးသည့် အုပ်ချုပ်မှုစနစ်ပုံစံများ (Corporate Governance) တိုးတက်ကောင်းမွန်ရန်။

အစိုးရများထံမှ လူအများ၏ အဓိကမျှော်လင့်ချက်များအနက် တစ်ခုမှာ လူနေမှုအဆင့်အတန်းများ တိုးတက်ကောင်းမွန်လာစေရန်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဇယား (Human Development Index) ကဲ့သို့သော ရလဒ်ရည်ညွှန်းကိန်းများကို အသုံးပြုပြီး အစိုးရ၏လုပ်ဆောင်ချက်များကို တိုင်းတာရာတွင်၊ မြန်မာနိုင်ငံ၏အဆင့်မှာ အတော်လေး နိမ့်ကျနေပါသည်။ ပြည်သူ့ရေးရာကဏ္ဍ စီမံခန့်ခွဲမှု အရည်အသွေးကို ကမ္ဘာ့ဘဏ်၏ နိုင်ငံမူဝါဒနှင့် အဖွဲ့အစည်း ဆန်းစစ်မှု (World Bank's Country Policy and Institutional Assessment (PCIA)) ရည်ညွှန်းကိန်းတစ်ခုဖြင့် အသုံးပြုတိုင်းတာသည့်အခါ၊ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများထက် အဆင့်နိမ့် နေပါသေးသည်(ဇယား ၁ ကို ကြည့်ပါ)။

### ဇယား – ၁၊ အစိုးရ၏လုပ်ဆောင်ချက်ကို ရလဒ်နှင့် ဖြစ်စဉ် ရည်ညွှန်းကိန်းများအသုံးပြုတိုင်းတာခြင်း

| ရည်ညွှန်းကိန်း | မြန်မာ | အိမ်နီးချင်းနိုင်ငံများ |
|---|---|---|
| **ဝင်ငွေ**<br>UNDP လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဇယား ၂၀၁၄ (UNDP Human Development Index 2014)<br>လူတစ်ဦးချင်းစီ၏ အသားတင်ဝင်ငွေ (အမေရိကန်ဒေါ်လာဖြင့်ဝယ်လိုအားမျှခြေ)<br>Gross national income per capita/GNI (US$ Purchasing Power Parity) | ၃၉၉၈ | ထိုင်းနိုင်ငံ ၁၃၃၆၄<br>ဗီယက်နမ်နိုင်ငံ ၄၈၉၂<br>လာအိုနိုင်ငံ ၄၃၅၁<br>ကမ္ဘောဒီးယား ၂၈၀၅<br>ဘင်္ဂလားဒေ့ရှ် ၂၇၁၃ |
| **လူသားဖွံ့ဖြိုးတိုးတက်မှု**<br>UNDP လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဇယား ၂၀၁၄ (Human Development Index 2014)<br>(၁၈၇ နိုင်ငံကို အဆင့်သတ်မှတ်ရာတွင် ) | ၁၅၀ | ထိုင်းနိုင်ငံ ၈၉<br>ဗီယက်နမ်နိုင်ငံ ၁၂၁<br>ကမ္ဘောဒီးယား ၁၃၆<br>လာအိုနိုင်ငံ ၁၃၉<br>ဘင်္ဂလားဒေ့ရှ် ၁၄၂ |
| **ပြည်သူ့ရေးရာကဏ္ဍစီမံခန့်ခွဲမှုနှင့် အဖွဲ့ အစည်းများ (Institutions) ၏ အရည်အသွေး**<br>ကမ္ဘာ့ဘဏ်မှပြုလုပ်သော နိုင်ငံပေါ်လစီ မူဝါဒနှင့် အဖွဲ့အစည်းများအား သုံးသပ်ချက် ၂၀၁၃ (World Bank 2013 Country Policy and Institutional Assessment)<br>(အနိမ့်ဆုံး = ၁၊ အမြင့်ဆုံး = ၆) | ၂.၇ | ဗီယက်နမ်နိုင်ငံ ၃.၅<br>လာအိုနိုင်ငံ ၃.၁<br>ဘင်္ဂလားဒေ့ရှ် ၂.၉<br>ကမ္ဘောဒီးယား ၂.၈ |

မြန်မာနိုင်ငံတွင် သမ္မတဦးသိန်းစိန်အစိုးရသည် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို စတင်လုပ်ဆောင်နေခဲ့ပြီး ဖြစ်ပါသည်။ ယင်း၏ 'လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှု' အစီအစဉ်၏ တစ်စိတ်တစ်ဒေသ အနေဖြင့်၊ အစိုးရသည် နေပြည်တော်အဆင့်မှ ပြည်နယ်/တိုင်းဒေသကြီးများ၊ ခရိုင်များနှင့် မြို့နယ် အဆင့်ဆင့်သို့ ဆုံးဖြတ်ပိုင်ခွင့်များ ချမှတ်လုပ်ဆောင်ခွင့်ပေးထားပါသည်။ အချို့ဝန်ကြီးဌာနများအနေဖြင့် လုပ်ဆောင်ရန် ဝန်လေးမှုများရှိနေသော်လည်း၊ အရပ်ဘက်အဖွဲ့အစည်းများမှ ခေါင်းဆောင်အချို့ပါဝင်သည့် မြို့နယ်ကော်မတီများကို ဖွဲ့စည်းပြီး ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပြည်သူလူထု၏ အသံများ ပါဝင်လာစေခဲ့ပါသည်။



အစိုးရအနေဖြင့် မိုဘိုင်းဖုန်း ခေါ်ဆိုမှုဈေးနှုန်းကို လျှော့ချပြီး လူပေါင်းများစွာကို မိုဘိုင်းဖုန်း အသုံးပြုနိုင်စေရန် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ တစ်ဦးတည်း ချုပ်ကိုင်လုပ်ဆောင်ထားရာမှ နိုင်ငံတကာ တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီအသစ်နှစ်ခုကို ဈေးကွက်တွင်း ဝင်ရောက်လုပ်ကိုင်ခွင့် ပေးခဲ့ပါသည်။

အချို့ဝန်ကြီးဌာနများတွင် မလိုအပ်သည့် "လုပ်ငန်းစဉ်များ" ကို လျှော့ချလိုက်ခြင်းဖြင့် စီးပွားရေးနှင့် နိုင်ငံသားများအတွက် "ကြိုးနီစနစ်များ" ကိုလည်း အောင်မြင်စွာ ပယ်ဖျက်ပေးနိုင်ခဲ့ပါသည်။ ဥပမာ - ၂၀၁၄ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံကူးလက်မှတ် ထုတ်ပေးရာ၌ စောင့်ဆိုင်းချိန်ကာလကို ၂၁ ရက်မှ ၁၀ ရက်သို့ လျှော့ချပေးခဲ့ပြီး ဗီဇာကြေးကိုလည်း ထက်ဝက်လျှော့ချခဲ့သည်။ ရန်ကုန်နှင့် မန္တလေးမြို့များရှိ လက်ရှိရုံးနှစ်ရုံးအပြင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် နိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်ရုံးပေါင်း ၁၅ ရုံးကိုလည်း ထပ်မံဖွင့်လှစ်ပေးခဲ့ပါသည်။ ဆယ်စုနှစ်များစွာ မြန်မာနိုင်ငံသားများ၏ လွတ်လပ်စွာခရီးသွားလာခွင့်ကို တင်းကျပ်စွာ ကန့်သတ်ခဲ့သည့် အခြေအနေမှ ယခုအခါ ၎င်းတို့ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ရန် သို့မဟုတ် စာသင်ကြားရန်အတွက် အခွင့်အလမ်းများစွာဖွင့်ပေးနိုင်ခဲ့သဖြင့် ထိုပြုပြင်ပြောင်းလဲမှုသည်လည်း အရေးပါလှပါသည်။

အစိုးရသည် ပြည်သူ့ရေးရာ အုပ်ချုပ်စီမံရေး တိုးတက်ကောင်းမွန်လာစေရန် အရေးကြီးသော်လည်း ပြည်သူလူထုအာရုံစိုက်မှု အထူးတလည် မရရှိခဲ့သည့် ၎င်းတို့ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲမှု အချို့ကိုလည်း အလေးပေးတင်ပြလိုသည့် သဘောရှိသည်။ ယင်းတို့မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အက်ဥပဒေ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု မဟာဗျူဟာအသစ်၊ ဘဏ္ဍာရေးကော်မရှင်အသစ်၊ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအက်ဥပဒေအသစ်၊ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအက်ဥပဒေအသစ်၊ အစိုးရအဖွဲ့ လုပ်ငန်းစဉ်သစ်များပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းသည့်အခြေအနေတွင်၊ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို ကြည့်ရှုလေ့လာမည်ဆိုပါက၊ နိုင်ငံ၏ပြည်သူ့ရေးရာကဏ္ဍမှ အောက်ပါ အချက်အလက်များသည် အထူးစိတ်ဝင်စားစရာကောင်းလှပါသည်။

- ၁၉၄၈ မှ ၂၀၁၀ခုနှစ်အတွင်း၏ အချိန်ကာလတဝက်ကျော်မျှသည် စစ်အုပ်ချုပ်ရေးအောက် တွင်တည်ရှိခဲ့ပြီး အကျိုးဆက်အဖြစ် ပြည်သူ့ရေးရာ အုပ်ချုပ်စီမံသည့် ဥပဒေနှင့် အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများနှင့် လုပ်ကိုင်သည့်အလေ့အကျင့် အစားအမိန့်များ၊ ညွှန်ကြားချက်များဖြင့် အုပ်ချုပ်သည့် အမွေတစ်ခုကို ချန်ရစ်ခဲ့ပါသည်။

- ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ ချမှတ်ခဲ့သည့် "စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီ" စနစ်အရ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာများကဲ့သို့ အရေးကြီးသည့်ဝန်ကြီးဌာနများကို ကိုင်တွယ်လုပ်ဆောင်ရန် အရပ်သားအစိုးရ အစား တပ်မတော်ကို တာဝန်ချ ထားပေးသည်။

- ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အစိုးရ၏ "ခိုင်မာသည့်ကျောရိုး" ကဲ့သို့ တည်ရှိနေပြီး အစိတ်စိတ်အမွှာမွှာရှိနေသည့် ဝန်ကြီးဌာနများအကြား ပြည်သူ့ရေးရာစီမံအုပ်ချုပ်ရေးတွင် အဓိကပေါင်းစည်း ပေးသည့်အခန်းကဏ္ဍတွင် လုပ်ကိုင် ဆောင်ရွက်နေပါသည်။

- ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဇယား ၂ နှင့် ၅ အရ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများတွင် ဥပဒေပြုရေး သို့မဟုတ် အခွန်အခ ကောက်ခံရေးဆိုင်ရာ အာဏာများမှာ မရှိသလောက်နည်းပါးပါသည်။ ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများအကြား လုပ်ငန်းဆောင်တာများကို မည်သို့အကောင်းဆုံး ခွဲဝေလုပ်ကိုင်မည်နည်းဆိုသည်မှာ မြန်မာနိုင်ငံ၏ အနာဂတ်ပြည်သူ့ရေးရာ ကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် အရေးအကြီးဆုံး မေးခွန်းများအနက် တစ်ခုဖြစ် လေသည်။

- လက်ရှိရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)လုပ်ငန်းစဉ်တွင် လွှတ်တော်နှင့် ပြည်သူလူထုတို့အား ပြည်သူ့ဘဏ္ဍာငွေများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ အသိပေးမှုမှာ အလွန်နည်းပါးပြီး ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)ဆိုင်ရာ ရလဒ်များအပေါ် ပြည်သူလူထု၏ လွှမ်းမိုးနိုင်မှု အခွင့်အလမ်းမှာလည်း အကန့်အသတ်ရှိပါသည်။ ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)အား အရေးပါဆုံး ပြည်သူ့ရေးရာမူဝါဒနှင့် ပြည်သူအားတာဝန်ခံမှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်ဟူသည့် အခြေ အနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

- ပြည်သူ့အသုံးစရိတ်ဆိုင်ရာ နှစ်အလိုက်သုံးစွဲမှုပုံစံများသည် အာဏာရှင်အစိုးရအဆက်ဆက် လက်အောက်တွင် ယိုယွင်းခဲ့ သည်။ လက်ရှိ အစိုးရအနေဖြင့် အပြုသဘောဆောင်သည့် အပြောင်းအလဲများ လုပ်ကိုင်နေခဲ့သော်လည်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် ပညာရေး အသုံးစရိတ်များမှာ နည်းပါးနေပြီး စစ်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များမှာမူ ဆက်လက်မြင့်မားလျက် ရှိနေပါသေးသည်။

- အစိုးရ၏အခွန်အခကောက်ခံရရှိမှုနည်းပါးနေခြင်းသည် ၎င်းတို့လုပ်ဆောင်နိုင်စွမ်းရည်၏ အထွေထွေအားနည်းချက်တစ်ခု ကို ညွှန်ပြနေပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ မြန်မာနိုင်ငံကို အာရှတိုက်တွင် ဂျီဒီပီနှင့် အခွန်အခ အချိုး အစားတွင် အနိမ့်ဆုံးနိုင်ငံများ အနက် တစ်နိုင်ငံဖြစ်နေပြီး ၃.၃ မှ ၇.၄ ရာခိုင်နှုန်းမျှသာရှိသည်။ ယင်းအချက်က အခွန်အခ ပိုင်းဆိုင်ရာ အုပ်ချုပ်စီမံမှုတွင် စွမ်းဆောင်နိုင်မှု မရှိခြင်းနှင့် အကျင့်ပျက်ခြစားမှုပြဿနာများကို ဖော်ပြနေပြီး၊ အချို့နိုင်ငံများ တွင် နိုင်ငံသားများအနေဖြင့် အစိုးရအပေါ် ယုံကြည်မှု နည်းပါးသည့် အဓိပ္ပါယ်ကိုလည်း ဆောင်နေပါသည်။

- ယခင်က ပြည်သူ့ဝန်ထမ်း ရွေးချယ် ခန့်ထားရာတွင် အရည်အချင်းအပေါ် အခြေခံ ခန့်ထားခြင်း မဟုတ်ဟု ပြည်သူလူထု အနေဖြင့် ယေဘုယျအားဖြင့် ထင်မြင်ယူဆကြပါသည်။ အဘယ်ကြောင့်ဆိုသော် တပ်မတော် အရာရှိဟောင်းများက ဝန်ကြီးဌာန များစွာရှိ အဆင့်မြင့် ပြည်သူ့ဝန်ထမ်း အရာရှိရာထူး အားလုံးနီးပါးကို ရယူထားခဲ့သောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အလွှာအသီးသီးနှင့် တိုင်းရင်းသား လူမျိုးများအားလုံးကို ကိုယ်စားပြုသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း တစ်ခုရှိလာမည်ဆိုပါက ပြည်သူလူထု၏ ယုံကြည်မှုကို ပြန်လည် ရရှိစေနိုင်မည် ဖြစ်ပါသည်။

- နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း၏ မူဝါဒပိုင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုမှာလည်း အားနည်းလှပါသည်။ အာဏာရှင်အစိုးရများ၏ လက်အောက်တွင် မူဝါဒများကို ပြည်သူ့ကောင်စီခေတ်က ပါတီမှ ချမှတ်ပြီး ၁၉၈၈ခုနှစ်အာဏာသိမ်းပြီးနောက်တွင် တပ်မတော်မှ ချမှတ်ခဲ့ပါသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်းတွင် ဝန်ကြီးဌာနများအနေဖြင့် မူဝါဒချမှတ်သည့် လုပ်ငန်း များ၌ ပါဝင်ဆောင်ရွက်မှု နည်းပါးသည်။

- နိုင်ငံပိုင် လုပ်ငန်းများကို တိုးတက်ပြောင်းလဲလာသည့် ကော်ပိုရေးရှင်းများတွင် ကျင့်သုံးသည့် အုပ်ချုပ်မှုစနစ်ပုံစံ (Corporate Governance) မှ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာစေနိုင်ပါသည်။ ပိုမိုကောင်းမွန်လာသည့် စီမံခန့်ခွဲမှု၊ စာရင်းစစ်ခြင်းနှင့် အစီရင်ခံပုံ အဆင့်ဆင့်က နိုင်ငံပိုင်လုပ်ငန်းများနှင့် တပ်မတော်မှ ချုပ်ကိုင်ထားသည့် ကုမ္ပဏီများကို ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်စေရန် အထောက် အကူပေးနိုင်မည်ဖြစ်သည်။ ထိုသို့ တိုးတက်ကောင်းမွန်လာခြင်းအားဖြင့် "ခရိုနီ အရင်းရှင်စနစ်"ကိုလည်း လျော့ကျစေနိုင်ပြီး ယခင် အာဏာရှင်အစိုးရများလက်ထက်တွင် များစွာတွေ့ခဲ့ရသည့် အကျင့်ပျက်ခြစားမှု အမျိုးမျိုးကိုလည်း နည်းပါးသွားစေနိုင်ပါသည်။
- မြန်မာနိုင်ငံအတွက် ရေနံနှင့်ဓါတ်ငွေ့ကဏ္ဍသည် မကြာသေးမီကာလများမှစတင်ပြီး အရေးကြီးလာခဲ့ပါသည်။ ၂၀၁၁ခုနှစ်မှ စတင်ပြီး ရေနံနှင့်ဓါတ်ငွေ့ထုတ်လုပ်မှုမှရရှိသည့် ပြည်သူ့ ဘဏ္ဍာငွေများသည် ဂျီဒီပီ၏ ၂၃% အထိ နှစ်ဆမျှမြင့် တက်ခဲ့ပါသည်။ သဘာဝ အရင်း အမြစ်ကဏ္ဍတွင် အုပ်ချုပ်စီမံမှုစနစ်များ ပိုမိုအားကောင်းလာအောင်လုပ်ဆောင်ခြင်းဖြင့် ရေနံနှင့် ဓါတ်ငွေ့ထုတ်လုပ်မှုကို မညီမျှမှု၊ အကျင့်ပျက်ခြစားမှုများစွာ ပေါ်ပေါက်စေသည့် "သယံဇာတကျိန်စာ" ဖြစ်ပေါ်လာခြင်းမှ ယခုအခါ တားဆီးနိုင်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့အသွင်ကူးပြောင်းသည့်ရှုထောင့်မှ  ပြည်သူ့ရေးရာ ကဏ္ဍပြုပြင်ပြောင်းလဲမှုကို ကြည့်မည်ဆိုပါက၊ နိုင်ငံရေးအယူအဆကွဲပြားခြားနားကြသူများအကြား ပြုပြင်ပြောင်းလဲလိုစိတ်ရှိသူအားလုံးတွင် တူညီသည့် ဆန္ဒသဘောထားကို တွေ့မြင်ရပါသည်။ အောက်ဖေါ်ပြပါအပိုင်းတွင် ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး ရွေးချယ်စရာနည်းလမ်းများကို စဉ်းစားနိုင်ရန် ပြည်သူ့ ရေးရာကဏ္ဍ၏ သွင်ပြင်လက္ခဏာအချို့ကို တင်ပြထားပါသည်။

## ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေးဆိုင်ရာသင်ခန်းစာများ

ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး မည်သည့်နေရာမှ စတင်သင့်သနည်း။ ဤသည်မှာ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင် ပြောင်းလဲရေး လုပ်ဆောင်နေသည့် မည်သည့်အစိုးရမဆို ကြုံတွေ့ရမည့် စိန်ခေါ်မှုဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အရေးတကြီး ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ အများအပြားရှိနေခြင်းအတွက် မည်သည့်နေရာမှ စတင်သင့်သနည်းဆိုသည့် မေးခွန်းမှာ ပိုမိုပင် အရေးကြီးလာသည်။

ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများမှ လေ့လာစရာများ အများအပြားရှိသည်။ ဒေသတွင်းနိုင်ငံအချို့ဖြစ်သည့် တောင်ကိုရီးယား နှင့် အင်ဒိုနီးရှားတို့သည် အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ အောင်မြင်စွာ အသွင်ကူးပြောင်းခဲ့ကြသကဲ့သို့ မလေးရှား နှင့် စင်္ကာပူကဲ့သို့သော မြန်မာနိုင်ငံနှင့် တူညီသည့် ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) အစဉ်အလာရှိသည့် နိုင်ငံများသည်လည်း လူမှုစီးပွားဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။



ပြည်သူ့ရေးရာကဏ္ဍ အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲရေးကို မည်သို့ အဆင့်ဆင့်ဆောင်ရွက်သင့်ကြောင်း ကမ္ဘာတစ်ဝှမ်းရှိ ပညာရှင် များထံမှ မြန်မာနိုင်ငံအတွက် အသုံးဝင်မည့် အကြံပြုချက်များရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၁၃ခုနှစ်က ထုတ်ပြန်ခဲ့သည့် စီးပွားရေး နှင့် လူမှုရေး ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးမူဘောင် (Framework for Economic and Social Reform) ထဲတွင် ထိုအကြံပြုချက်များကို ထည့်သွင်း ဖော်ပြထားသည်။ ဥရောပတိုက်မှ ယခင်ပြည်သူ့ဒီမိုကရေစီနိုင်ငံများ အသွင်ကူးပြောင်းခြင်းမှ ရရှိခဲ့သည့် သင်ခန်းစာများသည် မြန်မာနိုင်ငံအတွက် ဆက်စပ်မှု ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် အရှေ့ ဥရောပ နှင့် ချက်ကိုစလိုဗက်ကီးယား နိုင်ငံများ၏ ပြည်သူ့ ရေးရာကဏ္ဍ အုပ်ချုပ်ရေးယန္တရား ပုံစံကို ၁၉၇၀ ခုနှစ်များနှင့် ၁၉၈၀ ခုနှစ်များအတွင်းက အတုယူခဲ့ခြင်းကြောင့် ဖြစ်သည်။

သို့ရာတွင် မကြာခဏ သတိရရန်မေ့လျော့နေတတ်သည့် နိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင် ပြောင်းလဲရေးသမိုင်းကြောင်းသည် မြန်မာနိုင်ငံ အတွက် လေ့လာစရာများစွာရှိပေးနိုင်သည်ဟုလည်း ကျွန်ုပ်တို့ အလေးအနက်ယုံကြည်ပါသည် (ပုံစံကွက်-၃ကို ကြည့်ပါ)။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဝန်ကြီးချုပ် ဦးနုသည် ကိုလိုနီအာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရန် ကြိုးပမ်းမှုကို ဦးဆောင်ဦးရွက် ပြုခဲ့သည်။ ကိုလိုနီ အုပ်ချုပ်ရေးသည် ဗဟို ဦးစီးချုပ်ကိုင်မှု အလွန်အမင်းများပြားပြီး၊ တည်ငြိမ်မှုကို ထိန်းသိမ်းရန် အထူးလိုလား အလေးထားခဲ့သည်။  အများပြည်သူဝန်ဆောင်မှု လုပ်ငန်းများတွင်မူ ဘဏ္ဍာငွေကြေးသုံးစွဲမှု နည်းသည်။ ထို့ပြင် စီးပွားရေးကဏ္ဍကိုလည်း လူနည်းစု အကျိုးအမြတ် ရရှိရန်သာ တည်ဆောက်ထားခဲ့ပြီး၊ နိုင်ငံ၏ ချမ်းသာ ကြွယ်ဝမှုကို ကျယ်ကျယ်ပြန့်ပြန့်မျှဝေခြင်း မရှိခဲ့ချေ။

မြန်မာနိုင်ငံ၏ ကြွယ်ဝလှသည့် ပြည်သူ့ရေးရာကဏ္ဍ အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အတွေ့အကြုံများကို ခေတ်လေးခေတ် ခွဲခြားလေ့လာနိုင်သည်။ လွတ်လပ်ရေးရပြီး ၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်ထိ ဒီမိုကရေစီ အစိုးရများအုပ်ချုပ်ခဲ့သည့် ပါလီမန် ဒီမိုကရေစီခေတ်၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိ တော်လှန်ရေးကောင်စီခေတ်၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီအစိုးရခေတ် နှင့် ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ စစ်အစိုးရအုပ်ချုပ်သည့်ခေတ်ဟု ပိုင်းခြား လေ့လာနိုင်သည်။ ထိုကာလများအတွင်း ပြောင်းလဲမှုအများ အပြားရှိခဲ့ သော်လည်း၊ အုပ်ချုပ်ရေးစနစ် အများအပြားသည်လည်း ဆက်လက်ရှင်သန်ခဲ့သည်။ ဥပမာဆိုရလျှင် အမြဲတမ်း အတွင်းဝန် ရာထူးနေရာကို ၁၉၇၂ခုနှစ်ရောက်မှသာ ဖျက်သိမ်းခဲ့ခြင်း ဖြစ်သည်။

### ပုံစံကွက် – ၃ မြန်မာနိုင်ငံ၏ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေး ယန္တရား) ပြုပြင်ပြောင်းလဲရေး သမိုင်းမှ လေ့လာသင်ယူခြင်း

ပြည်သူ့ရေးရာကဏ္ဍတွင် ၁၉၄၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ရင်ဆိုင်ခဲ့ရသည့်  စိန်ခေါ်မှု အများအပြားသည် ယနေ့တိုင် အောင် သက်ဆိုင် ဆီလျော်မှု  ရှိနေဆဲဖြစ်သည်။ ၄င်းတို့မှာ ထိရောက်သော နိုင်ငံတော် အဖွဲ့အစည်းများကို မည်သို့ ဖွဲ့စည်း တည်ထောင်ရမည်။ နေပြည်တော်မှသည် မြို့နယ်အဆင့်သို့ ဆုံးဖြတ်ခွင့် အာဏာများ မည်သို့ ခွဲဝေပေးရမည်၊ မည်သည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတာဝန်များကို တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများသို့ ခွဲဝေ ပေးသင့်သနည်း၊ နိုင်ငံတော် ပိုင် စီးပွားရေးလုပ်ငန်းများကို မည်သို့ စီမံခန့်ခွဲသင့်သနည်း၊ စသည်ဖြင့်ဖြစ်သည်။ မြန်မာနိုင်ငံသမိုင်းကို လေ့လာကြည့်မည် ဆိုလျှင်၊ အောက်ပါအတွေ့အကြုံများမှ ကျွန်ုပ်တို့ အများအပြား လေ့လာ သင်ယူနိုင်မည် ဖြစ်သည်။

- ၁၉၄၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်ထိ အမြဲတမ်း အတွင်းဝန်များဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ဝန်ထမ်း အတွင်းဝန်ချုပ်ရုံး
- ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ တည်ရှိခဲ့သည့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်နယ်အစိုးရများ
- ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ တည်ရှိခဲ့သည့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်း ဘုတ်အဖွဲ့များ
- ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်အာဏာကို အောက်ခြေအဆင့်ဆင့်သို့ ခွဲဝေပေးခြင်း ဆိုင်ရာ ပြုပြင် ပြောင်းလဲရေးများ
- ပြည်သူ့ဝန်ထမ်း ကော်မရှင်မှသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖြစ်သို့ ၁၉၄၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း အသွင်ကူးပြောင်းမှု



မြန်မာနိုင်ငံသမိုင်းမှ ရရှိခဲ့သည့် ဝမ်းနည်းကြေကွဲဖွယ် သင်ခန်းစာတစ်ခုမှာ နှစ်ပေါင်း ၆ဂ ကြာမြင့်ခဲ့သည့် ပြည်တွင်းစစ်သည် မြန်မာ့လူ့အဖွဲ့ အစည်းနှင့် စီးပွားရေးအပေါ် ကြီးမားသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေခဲ့သည်ဆိုသည့် အချက်ဖြစ်သည်။ မြန်မာနိုင်ငံသည် ၂ဂ ရာစုကို အာရှတိုက်တွင် အချမ်းသာဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် ဝင်ရောက်ခဲ့သော်လည်း၊ ၂၁ရာစုတွင်မူ အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် ဝင်ရောက်ခဲ့ရပါသည်။ အဖန်တလဲလဲ ဖြစ်ပွားနေသည့် ပဋိပက္ခများသည် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍအုပ်ချုပ်ရေးယန္တရားကို ပုံစံမမှန်ဖြစ်စေခဲ့ပြီး၊ အာဏာရှင်အစိုးရများကိုလည်း ပေါ်ထွန်း လာစေခဲ့ပါသည်။

ထိုအကြောင်းများကြောင့် အာဏာရှင်စနစ်မှ ဒီမိုကရေစီနည်းလမ်းများအတိုင်း ပြည်သူ့ရေးရာကဏ္ဍ အုပ်ချုပ်စီမံမှုသို့ အောင်မြင်စွာအသွင် ကူးပြောင်းရန် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး သဘောတူညီချက်သည် မရှိမဖြစ်လိုအပ်ချက်တခုအဖြစ် ကျွန်ုပ်တို့ လက်ခံယုံကြည်ထားပါသည်။ တချိန်တည်းမှာပင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် အစိုးရအပေါ် ပြည်သူများထားရှိသော ယုံကြည်မှုကို ပြန်လည် ရရှိစေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော်၊ နိုင်ငံအတွင်းရှိ စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးများနှင့် ဗမာလူမျိုးများနှင့် အခြားတိုင်းရင်းသားများနှင့် ဘာသာဝင်များအကြား ဆက်ဆံရေးများကိုလည်း ပြောင်းလဲစေနိုင်သောကြောင့်ဖြစ်ပါသည်။

## မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရန် ရွေးချယ်နိုင်သည့် နည်းလမ်းများ

မြန်မာ့သမိုင်းနှင့် မကြာသေးမီက ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံမှ သင်ခန်းစာများကို အခြေခံပြီး ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး အတွက် ရွေးချယ်နိုင်သည့်နည်းလမ်းများကို ဖေါ်ပြသည့် ဇယားတစ်ခု (ဇယား ၂)ကို ရေးဆွဲခဲ့ပါသည်။ ယခုတင်ပြထားသည့် ရွေးချယ်စရာများကို အနာဂတ်တွင် အသုံးပြုနိုင်သည့် ပြည့်စုံသည့် အစီအစဉ်တစ်ရပ်အနေဖြင့် ဖေါ်ပြထားခြင်းမျိုး မဟုတ်ပါ။ ပြီးပြည့်စုံသည့် အစီအစဉ်တစ်ခု ဖြစ်လာစေရန်အတွက် ထပ်မံလုပ်ဆောင်စရာများစွာနှင့် အချိန်ပေးရန် လိုအပ်ပါသေးသည်။ အချို့သော ပြုပြင်ပြောင်းလဲမှုများမှာ အရေးတကြီး လိုအပ်လျက်ရှိပြီး အမြန်ဆုံး အကောင်အထည်ဖေါ် ဆောင်ရွက်သင့်သည်ဟု လက်တွေ့ကျကျလည်း ရှုမြင်ကြည့်လိုပါသည်။ ထိုကဲ့သို့ ချက်ချင်း ကိုင်တွယ်ဖြေရှင်းနိုင်သည့် အရေးကြီးပြဿနာများကို မီးမောင်းထိုးပြပေးထားခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုကို အချိန်နှင့်အမျှ နက်နဲစွာ ချဲ့ထွင် လုပ်ကိုင်သွားနိုင်ပါသည်။

နောက်ဆုံးအနေဖြင့် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှု ဟူသည့်ကိစ္စရပ်ကို ဆက်လက် ဆွေးနွေးမည်ဖြစ်ပါသည်။ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံရှိ ပြည်သူများအားလုံးနှင့် သက်ဆိုင်သည့်ကိစ္စတစ်ရပ်ဖြစ်သည်ဟု ကျွန်ုပ်တို့အနေဖြင့် အလေးအနက် ယုံကြည်ပါသည်။ မြန်မာနိုင်ငံရှိ ဆက်စပ်ပတ်သက်နေသူများဖြစ်သည့် အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် စတင်နေပြီဖြစ်သည့် ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်သည့် ဆွေးနွေးမှုကို ဆက်လက်လုပ်ဆောင်ရာ၌ ယခုစာတမ်းသည် အထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါသည်။ အလားတူပင် နိုင်ငံတကာဖွံ့ဖြိုးရေး အသိုင်းအဝိုင်းအနေဖြင့်လည်း ကျွန်ုပ်တို့၏ သုတေသနတွေ့ရှိချက်များသည် စီမံကိန်းများစဉ်းစားရန်အတွက် အသုံးဝင်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

## ဇယား ၂– မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ရွေးချယ်စရာ နည်းလမ်းများ

| # | ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး | အကြောင်းပြချက် | နမူနာ (လုပ်ဆောင်ချက်)များ |
|---|---|---|---|
| ၁. | အစိုးရ၏ ဗဟိုချက်ကို အားကောင်းလာစေရန် လုပ်ဆောင်ပေးခြင်း | ခေါင်းဆောင်ကောင်းများ၏ဦးဆောင်မှုသည် ပြုပြင်ပြောင်းလဲမှုအောင်မြင်ရေးအတွက် လိုအပ်ပါသည်။ သမ္မတရုံးသည် နိုင်ငံရေး ဆိုင်ရာ ဦးဆောင်မှု၊ မဟာဗျူဟာလမ်းညွှန်ချက်၊ မူဝါဒပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူ့ဆက်ဆံရေးနှင့် အစိုးရတစ်ခုလုံးတွင် ပြုပြင်ပြောင်းလဲရေးကို ခြေရာခံခြင်းတို့ကိုပြုလုပ်ပါသည်။ | သမ္မတရုံးတွင် ပြုပြင်ပြောင်းလဲမှု မူဝါဒဌာနတစ်ခုကို တည်ထောင်ပြီး ပြည်သူ့ဝန်ထမ်းများ၏ မူဝါဒပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်ရည်ကို မြှင့်တင်ပေးရန်။<br><br>ပြုပြင်ပြောင်းလဲရေး၏ တိုးတက်မှုဖြစ်စဉ်ကို ပြည်သူလူထုအနေဖြင့် သတင်း အချက်အလက်များပိုမိုရရှိစေရန် သမ္မတရုံး၏ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကို ချဲ့ထွင်ရန်။ |
| ၂. | ပြည်သူ့ဘဏ္ဍာဆိုင်ရာအရေးကိစ္စများ ပြုပြင်ပြောင်းလဲရေး ဆက်လက် ဖြစ်ပေါ်စေခြင်း | အစိုးရသည် ပြည်သူ့ဘဏ္ဍာဆိုင်ရာအရေးကိစ္စများကို ထိရောက်စွာ စီမံခန့်ခွဲခြင်း၊ အလိုအပ်ဆုံးနေရာများသို့ ငွေကြေးဖြည့်ဆည်းပေးခြင်း နှင့် အခွန်ကောက်ခံမှုကို တိုးတက်စေခြင်းတို့ဖြင့် လျင်မြန်စွာအောင်မြင်မှုကို ဖြစ်ထွန်းစေနိုင်ပါသည်။ | ဘတ်ဂျက်လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်စေခြင်းဖြင့် လွှတ်တော်နှင့် ပြည်သူလူထုသည် သတင်း အချက်အလက်များရရှိနိုင်ပြီး ပြည်သူ့ဘဏ္ဍာငွေနှင့် အသုံးစရိတ်များ အပေါ်တွင် စိုးရ၏ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်စေသည်။<br><br>ရသုံးမှန်းခြေငွေစာရင်းများ(ဘတ်ဂျက်များ)နှင့် ပတ်သက်သည့် မူဝါဒဦးတည်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများအား ချမှတ်ပေးခြင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။ |
| ၃. | ကျွမ်းကျင်တတ်မြောက်သည့် ပြည်သူ့ ဝန်ထမ်းများဖြစ်လာအောင် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း | တိုင်းရင်းသားမျိုးစုံနှင့် ကိုးကွယ်သည့် ဘာသာပေါင်းစုံကို ကိုယ်စားပြုသည့် ခေတ်မီ၊ ကျွမ်းကျင်တတ်မြောက်ပြီး အားလုံးပါဝင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့သည် အစိုးရတစ်ရပ်အတွက် လူထုယုံကြည်မှုပြန်လည်ရရှိနိုင်စေရန် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ | အရည်အချင်းအပေါ်အခြေခံပြီး အလုပ်ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ပေးသည့်အလေ့အကျင့်များ တိုးတက်ကျင့်သုံးလာခြင်းဖြင့် မြန်မာနိုင်ငံသားများအားလုံးကို နိုင်ငံ့ဝန်ထမ်းရာထူးများအတွက် လမ်းဖွင့်ပေးရန်။<br><br>ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဒီမိုကရေစီတန်ဖိုးထားမှုများကို ထင်ဟပ်စေပြီး တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ပေးသည့် သင်တန်းများကို ပြည်သူ့ဝန်ထမ်းများအား ပို့ချပေးရန်<br><br>နိုင်ငံ့ဝန်ထမ်းများ၏လစာများနှင့် ရာထူးအဆင့်သတ်မှတ်ချက်များကို ပြန်လည်သုံးသပ်ရန် |
| ၄. | ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ ကို ပေါင်းစည်းပေးခြင်း။ | ထိရောက်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများကို ဖွဲ့စည်းတည်ထောင်ခြင်းသည် ထိရောက်မှုရှိပြီး လိုအပ်ချက်များကို တုံ့ပြန်ပေးသည့် အုပ်ချုပ်မှုစနစ်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးဖြေရှင်းမှုဖြစ်ထွန်းစေရန် အရေးကြီးသည့် လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ | ပညာရေးကဲ့သို့သော ကဏ္ဍများတွင် ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်ပြီး အချိန်နှင့်တပြေးညီ အလျင်အမြန်အကောင်အထည်ဖော် နိုင်ရန် သမ္မတရုံးတွင် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်<br><br>လွှတ်တော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေဆိုင်ရာ ကော်မတီအနေဖြင့် ထည့်သွင်းစဉ်းစားနိုင်ရန် ဇယားတစ်နှင့် နှစ်ပြင်ဆင်သည့်မူကြမ်းကို ရေးဆွဲရန် |

| | | | |
|---|---|---|---|
| ၅. | ဝန်ဆောင်မှုလုပ်ငန်းများကို ကောင်းမွန်အောင် ပြုလုပ်ခြင်း | အစိုးရအနေဖြင့်ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်သည်ဆိုရာတွင် ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် သန့်ရှင်းရေး၊ ဆည်မြောင်းနှင့် လမ်းများကဲ့သို့သော ကဏ္ဍ များရှိ ပြည်သူ့ဝန်ဆောင်မှုများအား ယခု ထက်ပိုမိုကောင်းမွန်အောင် လုပ်ပေးနိုင်သည်ဟု သက်သေပြနိုင်ရန် လိုအပ် ပါသည်။ | နိုင်ငံသားများအနေဖြင့် မြို့နယ်အုပ်ချုပ်ရေး အဆင့်တွင် မကျေနပ်ချက်များအား အများပြည်သူအားလုံးတိုင်ကြားနိုင် သည့်စနစ်တစ်ခုကို မိတ်ဆက်ပေးရန်။<br><br>ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မှုကို ဝန်ကြီးအဖွဲ့အနေဖြင့် စောင့်ကြပ် ကြည့်ရှုနိုင်သည့် အခြေခံလုပ်ဆောင်ချက် နှင့်ပတ်သက်သည့် သတင်းအချက် အလက်များရရှိနိုင်သည့်စနစ်တစ်ခုကို ဖန်တီးပေးထားရန် |
| ၆. | သန့်ရှင်းသောအစိုးရတစ်ခုကို ပံ့ပိုး ကူညီပေးခြင်း | နေရာတိုင်းတွင် ဖြစ်နေသည့် အကျင့်ပျက် ခြစားမှုများကို ကျော်လွှားတိုက်ဖျက် နိုင်ခြင်းက ပြည်သူလူထု၏အစိုးရအပေါ် ယုံကြည်မှုနှင့် ဝန်ဆောင်မှု တိုးတက် ကောင်းမွန်လာစေရန်အတွက် အထောက်အကူဖြစ်စေပါသည်။ | အကျင့်ပျက်ခြစားမှုနှင့် အခွန်ရှောင်ရန် ကြိုးပမ်းမှုများအားလုံးကို ဖယ်ရှားနိုင်ရန် အတွက် အခွန်စည်းကြပ်မှု အလေ့အကျင့် များ ကျင့်သုံးရန်<br><br>အပြိုင်အဆိုင်စနစ်ဖြင့် ဝယ်ယူသည့်၊ လုပ်ကိုင်သည့် အလေ့အကျင့်များကို ဝန်ကြီးဌာနများတွင် ကျင့်သုံးခြင်းဖြင့် အလေ့အလွင့်များကို လျော့ကျစေရန် |
| ၇. | နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ကို ပြုပြင်ပြောင်းလဲခြင်း | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေပါသည်။ | ပိုမိုထိရောက်ပြီး တာဝန်ခံမှုရှိလာစေရန် အတွက် ရေနံနှင့် ဓါတ်ငွေ့ ကဏ္ဍ၊ စစ်တပ် မှ ထိန်းချုပ်ထားသည့် ကုမ္ပဏီများအပါအဝင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများတွင် ကော်ပိုရေးရှင်းများတွင်ကျင့်သုံးသည့် အုပ်ချုပ်စီမံမှုအလေ့အကျင့် (Corporate Governance) များတိုးတက် ပြောင်းလဲကျင့်သုံးရန်။ |

**ဤသုတေသနစာတမ်းအတွက် ရန်ပုံငွေကို Australian Department of Foreign Affairs and Trade မှ ထောက်ပံ့ပါသည်။**

**The Asia Foundation**

HEADQUARTERS | 465 California Street, 9th Floor | San Francisco, CA 94104 USA
Tel: (415) 982-4640 | Fax: (415) 392-8863 | sf.general@asiafoundation.org

MYANMAR | No. 21, Bo Yar Zar Street | Ward 14, Kyauk Kone | Yankin Township | Yangon, Myanmar
Tel: + 95 (1) 570 619 | Fax: + 95 (1) 566 701 | myanmar.general@asiafoundation.org

www.asiafoundation.org

05/2015